လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့
Association of Human Rights Defenders and Promoters
အမှတ်(၈၂)၊ နတ်စင်လမ်း၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- 09420243125, Email – 2012hrdpnetworks@gmail.com

# သတင်းထောက်ကိုဝလုံး(ခ)သက်ဦးမောင် နှင့် ကိုကျော်စိုးဦး(ခ)မိုးအောင် တို့အား ထောင်ဒဏ်(၇)နှစ် ချမှတ်ခြင်းအပေါ် သဘောထားထုတ်ပြန်ချက်

**ရက်စွဲ - 3.9.2018**

ရိုက်တာသတင်းထောက်များဖြစ်ကြသော ကိုဂလုံး(ခ)သက်ဦးမောင် နှင့် ကိုကျော်စိုးဦး(ခ) မိုးအောင် တို့အား နိုင်ငံတော်လျှို့ဝှက်ချက်ပေါက်ကြားမှု ဥပဒေဖြင့် ယနေ့၊ ထောင်ဒဏ်(၇)နှစ်ပြစ်ဒဏ်ချမှတ်လိုက်ခြင်းသည်

၁။ မြန်မာနိုင်ငံ၏ စာနယ်ဇင်းလွတ်လပ်ခွင့်အား ကြီးမားသည့် ချိုးဖောက်မှုဖြစ်ခြင်း၊

၂။ မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်သည် လွတ်လပ်ဘက်မလိုက်၍ တရားမျှတသည့် တရားစီရင်ရေးနှင့် လုံးဝဆန့်ကျင်နေခြင်း၊

၃။ တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလအတွက် ကြီးမားသည့် အဟန့်အတား၊ အနှောင့်အယှက်ဖြစ်ခြင်း၊

၄။ မြန်မာနိုင်ငံ၏ စာနယ်ဇင်းသတင်းမီဒီယာကဏ္ဍကြီးတစ်ခုလုံးနှင့် စာနယ်ဇင်းသတင်းမီဒီယာသမားများအား ကြီးမားစွာစိန်ခေါ်လိုက်ခြင်း၊

တို့အတွက် လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့ အနေဖြင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေသည် ယခင်အစိုးအရများလက်ထက် ကဲ့သို့ပင် စိုးရိမ်ရဆဲဖြစ်ပေသည်။

ထို့ကြောင့် လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့ အနေဖြင့်၊ ယနေ့ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ရိုက်တာသတင်းထောက်နှစ်ဦးဖြစ်သည့် ကိုဂလုံး(ခ)သက်ဦးမောင် နှင့် ကိုကျော်စိုးဦး(ခ) မိုးအောင် တို့အား အမြန်ဆုံး ပြစ်ဒဏ်မှ ပြန်လွှတ်ပေးရန် နှင့် ၎င်းတို့၏ မူလသတင်းထောက်တာဝန်များအား ဆောင်ရွက်ခွင့်ပြုရန် တောင်းဆိုလိုက်သည်။

**လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့။**
**ဦးမြင့်အေး (အမှုဆောင်ဒါရိုက်တာ)**
**09420243125**
**ဦးမောင်မောင်လေး (စီမံကိန်းဒါရိုက်တာ)**
**095180212**
**ဦးအောင်ဇော်ဦး (ဆက်သွယ်ရေးနှင့် စည်းရုံးလှုံ့ဆော်ရေးဒါရိုက်တာ)**
**09421039493**

*လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့သည် လူ့အခွင့်အရေးပညာပေးခြင်းလုပ်ငန်းများ၊ လူ့အခွင့်အရေးချိုးဖောက်မှု များအား ကာကွယ်ပေးခြင်း၊ မှတ်တမ်းတင်ခြင်းလုပ်ငန်း နှင့် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းများကို ဆောင်ရွက်သည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည်။*